# သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို လက်ခံပါ

## သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်၏ ကတိတော်ဖြစ်သည်။

- တမန် ၁း၄တွင် ယေရှုက စောင့်စားရန် ပြောခဲ့သည် "*ခမည်းတော်၏ ကတိကို ငံ့နေမည့်အကြောင်း မှာတော်မူ၍*" ခမည်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်ကို ကတိပေးထားသည်။
- လုကာ ၂၄း၄၉ "*ခမည်းတော်၏ ကတိရှိသည့်အတိုင်း သင်တို့၌ ငါ ပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်က တန်ခိုးကို မခံမီ တိုင်အောင် ယေရုရှလင်မြို့၌ နေကြဦးလော့ဟု မိန့်တော်မူ၏*"။
- ယော ၁၄း၂၆ "*ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒ္ဒာယ်ဆရာ တည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသ သွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသော ဥာဏ်ကို သင်တို့အား ပေးတော်မူမည်*"။

## ဓမ္မဟောင်း၌ သန့်ရှင်းသော ဝိညာဉ်တော်ကို ကတိထားတော်မူသည်။

- ယောလ ၂း၂၈ ဘုရားသခင်က "*ထိုနောက်မှ လူမျိုးတကာတို့ အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်*"။ တမန် ၂း၁၇-၂၁တွင် ပရောဖက်ယောလကို ပေတရုက ကိုးကားထားသည်။
- ယေဇကျေလ ၃၆း၂၆-၂၇ "*စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ခန္ဓာထဲက ကျောက်နှလုံး ကိုနှုတ်၍ အသားနှလုံးကိုပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏ တရားလမ်းသို့ လိုက်၍၊ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်*"။

## သန့်ရှင်းသော ဝိညာဉ်တော်သည် ဖန်ဆင်းခြင်း၌ ပါဝင်ခဲ့သည်

"*မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာ အရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏*"။ ကမ္ဘာ ၁း၂

## သန့်ရှင်းသော ဝိညာဉ်တော်သည် ဓမ္မဟောင်း၌ အလုပ်လုပ်သည်

→ သန့်ရှင်းသော ဝိညာဉ်တော်သည် တန်ခိုးကြီးသော အမှုတို့ကို ပြုခြင်းငှါ၊ လူတို့ "*အပေါ်သို့ ရောက်လာ*"၍၊ ခွန်အားများကိုပေးကာ၊ သဘာဝအားဖြင့် သူတို့မရှိဖူးသော ရဲရင့်ခြင်းကိုပေးသည် (တရားသူ ၆း၃၄၊ တရား ၁၄း၆၊၁၉)

### ဓမ္မသစ်ကျမ်းထဲမှ အပြောင်းအလဲတစ်ခု

→ ယေရှု ရောက်လာသောအခါ၊ သူက "*အသက်ထွက်ရာ စမ်းရေတွင်း ဖြစ်လိမ့်မည်*" ဟု ပြောခဲ့သည် (ယော ၇း၃၈) ၎င်းသည် သူ၏ ရွေးနှုတ်ခြင်းအလုပ်၏ ရလဒ်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ် တော်သည် ယုံကြည်သူတိုင်း၏ "*အထဲ၌ ရောက်လာ*"၍ ကျွန်တော်တို့တွင် သဘာဝအားဖြင့် မရှိခဲ့ဖူးသော ခွန်အားနှင့် ရဲရင့်ခြင်းကိုပေးသည်။

## ယေရှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်

- ❖ ယောဟန်သည် သန့်ရှင်းသော ဝိညာဉ်တော် ရောက်လာ ခြင်းနှင့် ကိုယ်ထင်ပြခြင်းအားဖြင့် ယေရှုကို မှတ်မိသည် (ယော ၁း ၃၂-၃၄)။ ခမည်းတော်သည် ယောဟန်ကို ထိုသူအား ရှာနိုင်းသည် - "*အကြင်သူ၏ အပေါ်၌ ဝိညာဉ်တော် ဆင်းသက်၍ နားတော်မူသည်ကို သင်သည်မြင်လျှင်၊ ထိုသူကား၊ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ပေးသောသူပေတည်းဟု မိန့်တော်မူသည်နှင့်အညီ*" (ငယ် ၃၃)။
- ❖ ယေရှုသည် ဗတ္တိဇံခံချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်ကို ထင်ရှားသောနည်းဖြင့် ရရှိခဲ့သည်(မဿဲ ၃း၁၆)။
- ❖ ယေရှုသည် ဝိညာဉ်တော်ကို "*အတိုင်းအဆ မရှိဘဲ*" ရရှိခဲ့သည် (ယော ၃း၃၄)။
- ❖ ယေရှုကို မကောင်းဆိုးဝါးမှ စုံစမ်းရန် ဝိညာဉ်တော်က သဲကန္တာရသို့ ပို့ဆောင်ခဲ့သည်(လုကာ ၄း၁)။
- ❖ ယေရှုသည် ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် သဲကန္တာရမှ ထွက်လာသည်(လုကာ ၄း၁၄)။
- ❖ ယေရှုသည် သူ၏ အမှုတော်လုပ်ငန်းနှင့် ကမ္ဘာပေါ်တွင် သာသနာပြုရန်အတွက် ဝိညာဉ်တော်မှ ဘိသိက်ပေးထားသည်။ "*ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏*" (လုကာ ၄း၁၈)။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြည့်ဝခြင်းနှင့် တန်ခိုးမခံယူမီ ယေရှုသည် သူ၏ အမှုတော်လုပ်ငန်း မစတင်ခဲ့ပါ။

## သန့်ရှင်းသော ဝိညာဉ်တော်သည် အဘယ်သူ ဖြစ်သနည်း။

ယေရှုသည် ဝိညာဉ်တော်အကြောင်း ပြောဆိုခဲ့သည်မှာ

- **တခြား**(တူညီသည့် အမျိုးအစား)၊ သူကဲ့သို့ (ယော၁၄း၁၆)
- **နစ်သိမ့်ပေးသူ**၊ *ဘေး၌ရှိနေသူ*၊ ကူညီရန် ဘေး၌ရှိသောသူ (ယော ၁၄း၁၆၊ ၁၅း၂၆)၊
- **သွန်သင်ပေးသူ**၊ ခပ်သိမ်းသော အရာတို့ကို သွန်သင်ပေးမည့်သူနှင့် ယေရှုပြောသော စကားတို့ကို သွန်သင်ပေးမည့်သူနှင့် ယေရှုပြောသော စကားတို့ကို ကျွန်ုပ်တို့အား သတိရစေမည် (ယော ၁၄း၂၆၊ လုကာ ၁၂း၁၂)။
- **လမ်းညွှန်ပေးသူ**၊ သမ္မာတရားကို ကျွန်ုပ်တို့အား သွန်သင်ပြသမည့်သူ (ယော ၁၆း၁၃)
- **သမ္မာတရား၏ ဝိညာဉ်တော်**၊ ကျွန်တော်တို့အထဲတွင် ကျိန်းဝပ်မည့်သူ (ယော ၁၄း၁၇၊ ၁၅း၂၆)

## ယေရှုက သန့်ရှင်းသော ဝိညာဉ်တော်သည်-

### ၁။ သင်တို့အထဲ၌ ကျိန်းဝပ်မည်

သူသည် လောကီသားတို့ မရရှိနိုင်သော သမ္မတရား၏ ဝိညာဉ်တော် *ဖြစ်သည်။* "*သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသော ကြောင့် သင်တို့ သိရကြ၏*" ယော ၁၄း၁၇။

### ၂။ ခပ်သိမ်းသော အရာတို့ကို ပြန်လည်မှတ်မိစေမည်

သူသည် ခမည်းတော်စေလွှတ်သော ကျွန်တော်တို့ကို ကူညီပေးမည်သူ၊ လမ်းညွှန်ပေးမည့်ဆရာနှင့် သူသည် "*ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသော ဉာဏ်ကို သင်တို့အား ပေးတော်မူမည်*" ယော ၁၄း၂၆

### ၃။ ယေရှုအကြောင်းကို သက်သေခံမည်

သူသည် ဘုရားသခင်ထံမှ ရောက်လာသော ဝိညာဉ်တော်ဖြစ်၍ ယေရှုအကြောင်းအား သက်သေခံလိမ့်မည် (ယော ၁၅း၂၆)

## ယေရှုက သန့်ရှင်းသော ဝိညာဉ်တော်သည်-

၁။ သင်တို့အထဲ၌ ကျိန်းဝပ်မည်

သူသည် လောကီသားတို့ မရရှိနိုင်သော သမ္မာတရား၏ ဝိညာဉ်တော်ဖြစ်သည်။ *"ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့သိရကြ၏"*ယော ၁၄း၁၇။

၂။ ခပ်သိမ်းသောအရာတို့ကို ပြန်လည်မှတ်မိစေမည့်သူ

ခမည်းတော်စေလွှတ်သော ကျွန်တော်တို့ကို ကူညီပေးမည်သူ၊ လမ်းညွှန်ပေးမည့်ဆရာနှင့် သူသည် *"ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်"*ယော ၁၄း၂၆။

၃။ ယေရှုအကြောင်းကို သက်သေခံမည်

သူသည် ဘုရားသခင်ထံမှ ရောက်လာသော ဝိညာဉ်တော်ဖြစ်၍ ယေရှုအကြောင်းအား သက်သေခံလိမ့်မည် (ယော ၁၅း၂၆)

၄။ ယေရှုသည် ကောင်းကင်ဘုံသို့ မသွားချင်း မရောက်လာနိုင်ပါ။

*"ငါအမှန်အကန် ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဒ္ဒာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်"*(ယော ၁၆း၇)

၅။ လောကီသားတို့အား ဖော်ပြပေးမည့်သူ

လောကီသားတို့၏ အပြစ်၊ ဖြောင့်မတ်ခြင်းနှင့် တရားစီရင်ခြင်းတို့ကို ဖော်ပြပေးမည့် ဝိညာဉ်တော်ဖြစ်သည် ယော ၁၆း၈-၁၁။

၆။ တပည့်တော်များကို သမ္မာတရားသို့ လမ်းညွှန်ပေးမည်

ထိုဝိညာဉ်တော်သည် *"သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်၊ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတံ့သော အရာတို့ကိုလည်း သင်တို့အား ဘော်ပြလိမ့်မည်"* ယော ၁၆း ၁၃။

၇။ သူသည် ယေရှုနှင့် ဆိုင်သောအရာများကို ဘော်ပြပေးမည်

သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှု၏ဘုန်းကို အမြဲထင်ရှားပေးလိမ့်မည်။ *"ငါနှင့်စပ်ဆိုင်သော အရာကိုယူ၍ သင်တို့အား ဘော်ပြလိမ့်မည်"* ယော ၁၆း၁၄၊ *"ခမည်းတော်နှင့် စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်၏။ ထို့ကြောင့် ငါနှင့်စပ်ဆိုင်သော အရာကိုယူ၍ သင်တို့အား ဘော်ပြလိမ့်မည်ဟု ငါပြော၏"* ယော ၁၆း၁၅။

- ယေရှုသည် တပည့်တော်တို့အား သန့်ရှင်းသော ဝိညာဉ်တော် ရရှိရန် မျှော်လင့်ဖို့ ပြောထားသည်။
- ခမည်းတော်၏ ကတိတော်မှာ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်။
- သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးဖြင့် သူတို့သည် တန်ဆာဆင်ခြင်း ခံရမည်။
- ထိုတန်ခိုးဖြင့် တန်ဆာဆင်ခြင်းသည် ယေရှုအား သက်သေခံရန်ဖြစ်သည်။

## သန့်ရှင်းသော ဝိညာဉ်တော်သည် မည်ကဲ့သို့ ရောက်လာသနည်း။

တမန်တော် ၂တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ပင်တေကုတ္တေနေ့၌ ရောက်လာသည်။

## သန့်ရှင်းသော ဝိညာဉ်တော်သည် တန်ခိုး၊ သဘာဝထက်လွန်ကဲသော နိမိတ်လက္ခဏာနှင့် ဆုကျေးဇူးများဖြင့် ရောက်လာသည်။

- ❖ လေပြင်းမုန်တိုင်း ကဲ့သို့သော အသံဖြင့်
- ❖ တပည့်တော်များ၏ အပေါ်တွင် ကွဲပြားသောလျှာတို့သည် မီးကဲ့သို့ ထင်ရှားသည်
- ❖ သူတို့သည် *"သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝကြ၍ အမျိုးမျိုးသော ဘာသာစကားဖြင့် စတင်ပြောဆိုကြသည်"* (တမန် ၂း၂-၈)။

## သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝရခြင်း၏ အကျိုးဆက်များ

- ➢ ဧဝံဂေလိသတင်းကောင်း ရဲရင့်စွာ ဟောပြောရန်- တမန် ၂း၂၂-၃၆
- ➢ လူတို့သည် ယုံကြည်၍ ဗတ္တိဇံခံကြသည် - တမန် ၂း၃၈-၄၁
- ➢ အံ့ဩဖွယ် နိမိတ်လက္ခဏာများ-

*"လူအပေါင်းတို့သည် ကြောက်လန့်ခြင်း ရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသော နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြုကြ ၏"* ငယ် ၄၃

## သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိခြင်း

တမန် ၂း၄တွင် သန့်ရှင်းသော ဝိညာဉ်တော် ရောက်လာသောအခါ ယုံကြည်သူများအတွက် နိမိတ်လက္ခဏာ တစ်ခုမှာ *"အခြားသော ဘာသာစကားဖြင့် စတင်ပြောဆိုသည်"*

ရှာမာရိမြို့တွင် လူအမြောက်အများက ယုံကြည်၍ ဗတ္တိဇံခံယူကြသည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်း မရှိသေးပါ(တမန် ၈း၁၂၊၁၅၊၁၆)။ တမန်တော်ပေတရုနှင့် ယောဟန်တို့ ရောက်လာ၍ *"ထိုသူတို့အပေါ်၌ လက်ကိုတင်သောအားဖြင့် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရကြ၏"*။

တမန်၉တွင် အာနနိသည် ပေါလု(ရှောလု)ပေါ်သို့ လက်တင်ပေးသောအခါ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝသည် (တမန် ၉း၁၇)။ နောက်တွင် ရှင်ပေါလုက *"ငါသည် သင်တို့ရှိသမျှထက်၊ အခြားသော ဘာသာစကားဖြင့် ဟောပြောသောအရာကို ထောက်၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း၏"*(၁ကော ၁၄း၁၈)။

- ➢ အခြားသော ဘာသာစကားသည် ယေရှုက ကျွန်တော်တို့နှင့်အတူရှိကြောင်း လက္ခဏာတစ်ခုဖြစ်သည်။ (မာကု ၁၆း၁၇)။

တမန် ၁၉း၁-၆တွင် ရှင်ပေါလုသည် ယောဟန်၏ တပည့်တော်များဖြစ်သည့် ယေရှုကို ယုံကြည်သောသူနှင့် တွေ့ဆုံ၍၊ ယေရှုနာမဖြင့် ဗတ္တိဇံခံယူကြသည်။ ထို့နောက် ရှင်ပေါလုက- *"သူတို့အပေါ်၌ လက်ကိုတင်လျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့်၊ ထိုသူတို့သည် အမျိုးမျိုးသော ဘာသာစကားကို ပြော၍ ပရောဖက်ပြုကြ၏"*။

- ➢ အခြားသော ဘာသာစကားဖြင့် ပြောဆိုခြင်းသည် ကိုယ့်ကိုယ်ကို တည်ဆောက်ခြင်းဖြစ်သည် (၁ကော ၁၄း၁၄)။

လူတစ်ဦးသည် အခြားသော ဘာသာစကားဖြင့် ပြောဆိုသောအခါ ဘုရားသခင်ကို စကားပြောနေခြင်းဖြစ်၍ နက်နဲသောအရာထဲ၌ ပြောဆိုနေခြင်းဖြစ်သည် (ငယ်၂)

- ❖ သန့်ရှင်းသော ဝိညာဉ်တော်၏ အစေခံခြင်း
- ❖ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကိုရရှိ၍ အခြားသော ဘာသာစကားဖြင့် ပြောဆိုခြင်း။

**ဤအရာသည် အလွန်တန်ခိုး ကြီးသည်။**